UNHCR
The UN Refugee Agency

# THAILAND

1 – 15 March 2019

# MEDIA MONITORING REPORT # 202

## ငြိမ်းချမ်းရေးနှင့်ပြန်လည်ရင်ကြားစေ့ရေး

### ငြိမ်းချမ်းရေး ကော်မရှင်နှင့် NCA ထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ထိုင်းနိုင်ငံတွင် အလွတ်သဘော တွေ့ဆုံ

Eleven Myanmar, 10 March 2019

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) ဦးဆောင်သော ငြိမ်းချမ်းရေး ကော်မရှင် ကိုယ်စားလှယ်အဖွဲ့နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များ ထိုင်းနိုင်ငံ၊ ချင်းမိုင်တွင် မတ် ၉ ရက်၌ အလွတ်သဘော တွေ့ဆုံ ဆွေးနွေးခဲ့ကြပြီး အဆိုပါ အလွတ်သဘော ဆွေးနွေးပွဲတွင် တစ်ဆို့ နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေ တွေ့ရှိခဲ့သည်ဟု ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး □၂□ ဗိုလ်မှူးကြီး စိုင်းငင်းက ပြောကြားသည်။



လက်ရှိရင်ဆိုင်နေရသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တစ်ဆို့နေမှုအား မည်သို့အဆင်ပြေအောင် ဆောင်ရွက်ကြမည်ဆိုသည်ကို ယခု အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲတွင် အဓိကနည်းလမ်း ရှားခဲ့ကြသည့် အနေအထားဖြစ်ပြီး အလွတ်သဘော ဖြစ်သည့်အတွက် နှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့သည်ဟု ဗိုလ်မှူးကြီး စိုင်းငင်းက ပြောကြားသည်။

ထို့ပြင် ငြိမ်းချမ်းရေး ကော်မရှင်နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုနှင့် ပတ်သက်၍ ဆွေးနွေးမှုနည်းလမ်း အသေးစိတ်ကို ပြောမရသော်လည်း နှစ်ဖက်လက်ခံနိုင်သည့် နည်းလမ်းကို ဆွေးနွေးနေသည်ဟု ဗိုလ်မှူးကြီး စိုင်းငင်းက ပြောကြားသည်။ ငြိမ်းချမ်းရေး ကော်မရှင်နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲတွင် NCA ပါ ပြဋ္ဌာန်းချက်များကို အောင်မြင်အောင် အကောင်အထည် ဖော်လိုကြောင်း တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများဘက်မှ တင်ပြခဲ့ကြပြီး အဆိုပါအချက်သည် NCA အတိုင်း ဆောင်ရွက်မှသာ ရမည်ကို ဆွေးနွေးခဲ့ကြကြောင်း ငြိမ်းချမ်းရေး ကော်မရှင်ဘက်မှ ဦးလှမောင်ရွှေက ပြောကြားသည်။

https://elevenmyanmar.com/news/upc-meets-ten-eaos-in-thailand

### ကေအင်န်ယူနှင့် အာရ်စီအက်စ်အက်စ်ခေါင်းဆောင်များ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့၌ အပြောင်းအလဲပြုလုပ်မည်

Myanmar Times, 6 March 2019

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)နှင့် ရှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ(RCSS) ကိုယ်စားလှယ်များအား အပြောင်း အလဲပြုလုပ်မည်ဖြစ်ကြောင်း ပီပီအက်စ်တီက မတ် ၅ ရက်၌ ကြေညာခဲ့သည်ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သဘောထားကွဲလွဲမှုကို အခြေခံပြီး လေးလကြာရပ်ဆိုင်းထားရ သည့် ပီပီအက်စ်တီ အစည်းအဝေးကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ မတ် ၅ ရက်မှ ၆ ရက်အထိ တရားဝင် ပြန်လည်ကျင်းပနေခြင်းဖြစ်သည်။

UNHCR
The UN Refugee Agency

ကေအင်န်ယူဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုးသည် ပီပီအက်စ်တီခေါင်းဆောင်အဖြစ်မှ အနားယူကာ ၎င်း၏နေရာတွင် ကေအင်န်ယူ အထွေထွေအတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက တာဝန်ယူသွားမည်ကြောင်း ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် နိုဝင်ဘာလက တည်းက သတင်းထွက်ပေါ် ခဲ့ပြီး ထိုအပြောင်းအလဲသည် ယခုအစည်းအဝေး၌ တရားဝင်ဖြစ်ပေါ်လာဖွယ်ရှိကြောင်း တိုင်းရင်းသား ခေါင်းဆောင်များက သုံးသပ်ကြသည်။

အရှေ့တစ်ခုဖန်တီးရန်လို လေးလကြာရပ်နားပြီးမှ တရားဝင်ပြန်လည် စတင်သည့် ပီပီအက်စ်တီအစည်းအဝေးကို အထူးအစည်း အဝေးအနေဖြင့် ကျင်းပခြင်းဖြစ်ပြီး အဆိုပါအစည်းအဝေးမှ လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ဆို့နေသည့် အနေအထားမှနေ အပေါင်းလက္ခဏာဆောင်ပြီး ပိုမိုကောင်းမွန် သည့် အရှေ့တစ်ခုကို ဖန်တီးနိုင်ရန်လိုအပ်နေကြောင်း ကေအင်န်ယူနှင့် အာရ်စီအက်စ် အက်စ်တို့က ရှုမြင်ထားကြသည်။

https://www.mmtimes.com/news/armed-ethnic-groups-reshuffle-negotiating-team.html

## မြေနှင့်ပစ္စည်းဥစ္စာ

### ဧရာဝတီတိုင်းတွင် ပြန်လည်စွန့်လွှတ်မြေများအား တောင်သူများထံ လုပ်ပိုင်ခွင့်ပြုလက်မှတ် လွှဲပြောင်းပေးအပ်

Eleven Myanmar, 3 March 2019

လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ သည် ယနေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာအုပ်စု တောင်စုကျေးရွာ၌ ကျင်းပသည့် ၂၀၁၉ ခုနှစ် တောင်သူလယ်သမားနေ့ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။



ယနေ့တောင်သူလယ်သမားနေ့အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၊ မြောင်းမြမြို့နယ်၊ ကြံခင်းမြို့နယ်နှင့် ရေကြည်မြို့နယ်တို့ မှ တောင်သူ ၃၅၅ ဦးအတွက် ပြန်လည်စွန့်လွှတ်သည့် စိုက်ပျိုးမြေဧရိယာ ဧက ၁၄၁၀ ကို လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်များပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ပန်းတနော်မြို့ နယ်အတွင်း ယုဇနကုမ္ပဏီမှ ထမ်မံစွန့်လွှဟတ်သည့် ၆၃၆ ဧကကို တောင် သူ ၁၀၃ ဦး ကိုယ်စား တောင်သူတစ်ဦးထံသို့လည်းကောင်း၊ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်မြင့်နွယ်က မြောင်းမြမြို့နယ်အတွင်း ခ လရ( ၉၃) မှ ပြန်လည်စွန့်လွှတ်သည့် ၂၀၉ ဧကကို တောင်သူ ၆၆ ဦး ကိုယ်စား တောင်သူတစ်ဦးကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင်မြင့်က ကြံခင်းမြို့နယ်အတွင်း မက်သနော၀စက်ရုံမှ ပြန်လည်စွန့်လွှတ်သည့် ၄၈၁ ဧကကို တောင် သူ ၁၅၇ ဦးကိုယ်စား တောင်သူတစ်ဦးထံသို့လည်းကောင်း၊ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရေကြည်မြို့နယ်အတွင်း ခလရ( ၃၆) မှ ပြန်လည်စွန့်လွှတ်သည့် ၈၄ ဧကကို တောင်သူ ၂၉ ဦးကိုယ်စား တောင်သူတစ်ဦးထံသို့ လည်းကောင်း လုပ်ပိုင်ခွင့်ပြု လက်မှတ်များကို ပေးအပ်ကြသည်။

https://elevenmyanmar.com/news/over-1400-acres-of-confiscated-lands-returned-to-355-farmers-in-ayeyawady-region

## စီးပွားရေးနှင့်လူမှုဖွံ့ဖြိုးတိုးတက်မှု

### စတုတ္ထတန်း ပြဋ္ဌာန်းစာအုပ်ပါ ဝံသာနုစိတ်ဓာတ် ကဗျာ ပယ်ဖျက်

The Irrawaddy, 13 March 2019

အခြေခံ ပညာအဆင့် စတုတ္ထတန်း (Grade-5) စာရိတ္တနှင့် ပြည်သူ့နီတိ ပြဋ္ဌာန်းစာအုပ်ပါ “ဝံသာနု စိတ်ဓာတ်” ကဗျာအား သင်ကြားခြင်း မပြုရန်နှင့် ပယ်ဖျက်ရန် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာ ဦးစီးဌာန(နေပြည်တော်)က မတ်လ ၇ ရက်စွဲ ဖြင့် ညွှန်ကြားချက် တစောင် ထုတ်ပြန်ခဲ့သည်။



တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများက ခရိုင်/မြို့နယ်/ကျောင်းများသို့ အဆင့်ဆင့် ညွှန်ကြားရန် အကြောင်း ကြား သည်ဟု အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ပညာရေး ဝန်ကြီးဌာန ဒုဝန်ကြီး ဦးဝင်းမော်ထွန်းက "သင်ရိုးအသစ် စတော့မှာ။ ရှေ့နှစ်စတော့မှာ မစ ခင် ဒီနှစ်မှာကတည်းက အဲဒါတွေ မသုံးတော့တဲ့အကြောင်း ပြောတာပေါ့။ ပြန်စဉ်းစားလိုက်ရင် လူ့အခွင့် အရေးတို့ No Discrimination တို့ အဲဒါ တွေ ကမ္ဘာကို ငါတို့က လုပ်မယ် ပြောထားတာနဲ့ သိပ်မဆီလျော်ဘူး ဖြစ်နေတယ်" ဟု ဧရာဝတီကို ပြောသည်။

၂၀၁၉- ၂၀၂၀ ပညာသင်နှစ်မှ စတင်ကာ KG မှ ၁၂ တန်းထိ သင်ရိုးအသစ်များ ပြောင်းလဲရန် ရှိသည် ဟုလည်း ၎င်းက ဆို သည်။

လူမျိုးနှင့် ကိုးကွယ်ရာ ဘာသာကို ခွဲခြားမှု ပြုထားသည်ဆိုသော ယင်းကဗျာကို စတုတ္ထတန်း (Grade-5) စာရိတ္တနှင့် ပြည်သူ့နီတိ ပြဋ္ဌာန်းစာအုပ်(သင်ရိုးဟောင်း  ၂၀၁၅- ၂၀၁၆ စာမျက်နှာ ၁၂ တွင် ပုံနှိပ်ဖော်ပြထားကြောင်း ပညာရေးဝန်ကြီး ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဦးဝင်းမော်ထွန်းက "ဒါက လူ့အခွင့်အရေးအရပဲ ကြည့်ကြည့် ကုလသမဂ္ဂ ပဋိညာဉ်အရပဲ ကြည့်ကြည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရပဲ ကြည့်ကြည့် ဘာမှ ခွဲခြားမှု ပြုလို့မရဘူး။ မျိုးဖျက်တာတို့ ရောနှော တာတို့ တို့မလိုလားတို့ စသဖြင့် ရန်လိုတဲ့ သဘောလေးတွေ တွေ့ရတာပေါ့" ဟု ပြောသည်။

အဆိုပါကဗျာနှင့် ပတ်သက်၍ ပြန်လည် သုံးသပ်ပေးရန် အရပ်ဘက် အဖွဲ့အစည်း ၁၆၀ ကျော်က ပညာရေး ဝန်ကြီးဌာန အပါအဝင် နိုင်ငံတော် သမ္မတနှင့် အတိုင်ပင်ခံ ပုဂ္ဂိုလ်ထံ ၂၀၁၈ ဒီဇင်ဘာ ၂၆ ရက်တွင် အိတ်ဖွင့်ပေးစာ ပို့ခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ အရေးတယူ ဖြုတ်ပေးသည့်အတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် နိုင်ငံ တော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် တို့ကို ကျေးဇူးတင်ကြောင်း၊ ကဗျာကို အမှန်တကယ် ဖြုတ်မဖြုတ်ကိုလည်း စောင့်ကြည့်သွားမည်ဖြစ် ကြောင်း၊ ကလေးများ၏ စိတ်ထဲတွင် ခွဲခြားဆက် ဆံခြင်း ခံရသည့် စကားလုံးမျိုး လုံးဝ မထည့်သင့်ကြောင်း အိတ်ဖွင့်ပေးစာ ပေးပို့ရာတွင် ပါဝင်သူ အင်ကြင်းမေ ဟိန္ဒူအမျိုးသမီး ကွန်ရက်မှ ဒေါက်တာသလင်းသိန်းက ဧရာဝတီကို ပြောသည်။ယင်း ကဗျာပါ သင်ရိုးညွှန်းတမ်းသည် ဆရာကိုင်သာ ဖြစ်ပြီး ကျောင်းသားများအတွက် ထုတ်ဝေထား ခြင်း မရှိကြောင်း၊ ၂၀၁၂ ခုနှစ်လောက်တွင် စတင် သင်ကြားခဲ့ခြင်း ဖြစ်ကြောင်း ကျောင်းသား မိဘများထံမှ စုံစမ်း သိရှိရသည်။

https://www.irrawaddy.com/news/burma/racially-religiously-discriminative-lesson-dropped-national-curriculum.html

**မြောင်းမြတံတားအသစ်တည်ဆောက်မှု ရာခိုင်နှုန်း ၉၀ အထိ ပြီးစီးနေပြီဖြစ်ပြီး ယခုလတတိယပတ်တွင် မော်တော်ယာဉ်များ စတင်ဖြတ်သန်း၍ တံတားခံနိုင်ဝန်အား စမ်းသပ်မည်**

Eleven Myanmar, 4 March 2019

မြောင်းမြတံတားအသစ် တည်ဆောက်နေမှုမှာ မတ် ၃ ရက်အထိ ရာခိုင်နှုန်း ၉၀ ကျော် ပြီးစီးနေပြီဖြစ်ပြီး မတ် ၂၀ ရက်တွင် ကုန်တင်မော်တော်ယာဉ်များဖြင့် သတ်မှတ်တန်ချိန်များ တင်ဆောင်ကာ စတင်စမ်းသပ် ဖြတ်သန်းကာ တံတားခံနိုင်ဝန်အားကို စမ်းသပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



မြောင်းမြတံတားအသစ်မှာ မြောင်းမြ ကြိုးတံတားအဟောင်း မကျိုး ပျက်မီ၂၀၁၇ ခုနှစ် မေ ၁ ရက်မှ စတင်ကာ မြောင်းမြတံတားအသစ် စီမံကိန်းအား ကြိုးတံတားအဟောင်း၏ ရေစုန်ဘက်အခြမ်း ၄၆ ပေအကွာတွင် စတင်တည်ဆောက်နေခဲ့ပြီး စတင်တည်ဆောက်စဉ်က Balance Cantilever Method ဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ထားခဲ့ပြီး တည်ဆောက်ချိန်မှာ အချိန်နှစ်နှစ်ခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ မြောင်းမြကြိုးတံတားမှာ ဧပြီ ၁ ရက်တွင် ပျက်ကျခဲ့ပြီးနောက် ဒေသခံပြည် သူများအနေဖြင့် နှစ်နှစ်ခန့်အထိ အခက်အခဲများ မကြုံတွေ့ရစေ ရေးအတွက် တစ်နှစ်အတွင်း တည်ဆောက်ပြီးစီးနိုင်သည့် S t eel Truss Typy အမျိုးအစားအား ဂျပန်နိုင်ငံ JEE ကုမ္ပဏီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းထူထောင် ထားသည့် J&M Steel Solution မှ အသေးစိတ် ဒီဇိုင်းအသစ် ရေးဆွဲကာ တံတားဒီဇိုင်းအသစ်အား ပြောင်းလဲတည် ဆောက်ခဲ့ကြောင်း၊ လက်ရှိ အချိန်တွင် ကွယ်လွယ်ကျေးရွာဖက် ကမ်းချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးကာ တံတားကြမ်းခင်းများ ခင်းကျင်းခြင်း၊ မီးတိုင်များ

တပ်ဆင်ခြင်းများကို လုပ်ဆောင်နေကြောင်း၊ မြောင်းမြဖက်ကမ်းချဉ်းကပ်လမ်းပိုင်းအားလည်း ခင်းကျင်းလုပ်ဆောင်နေပြီး မတ်ဒုတိယပတ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း ချဉ်းကပ်လမ်း များ ပြီးစီးပါက မတ် ၂၀ ရက် တံတားခံနိုင်ဝန်များ စမ်းသပ်ရန်အတွက် ကုန်တင်ယာဉ်များဖြင့် စမ်းသပ်ဖြတ်သန်းသွားမည်ဖြစ် ကြောင်း သိရသည်။

ကျွန်တော်တို့ကတော့ တံတားပြီးပြီးချင်း ဖွင့်ဖို့ စီစဉ်မှာပါ။ မတ်လအတွင်း အပြီးအစီးဖြစ်အောင်လို့ ဒီကဝန်ထမ်းတွေရော တံတားကလည်း တံတားလမ်းဦးစီးကလည်း လမ်းတွေကို အားကြိုးမာန်တက် လုပ်ဆောင်နေတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး အစိုးရ

အဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်းဌေးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခံနိုင်ရည်အား ကျဆင်းလာသော ကြိုးတံတားများဖြစ်သည့် လပွတ္တာ ပင်လယ်လေးကြိုးတံတား၊ ဝါးခယ်မကြိုးတံတား၊ ရွှေလောင်းကြိုးတံတားနှင့် ကျွန်းကုန်းကြိုးတံတားတို့ကိုလည်း ကြိုးတံတားပုံစံမှ သံကူကွန်ကရစ်တံတားပုံစံများအဖြစ် ပုံစံပြောင်းပြင်ဆင်နေပြီး ပြင်ဆင်နေချိန်အတွင်း ဖက်ရေယာဉ်များဖြင့်သာ ဆက်သွယ်သွားလာနေရကြောင်း၊ ပုသိမ်မြစ်ကူးတံတား အသစ်စီမံကိန်းကိုလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

https://elevenmyanmar.com/news/myaungmya-bridge-construction-completed-over-90

## ဓာတ်အားရင်းမြစ်များပြန်လည်ဆန်းသစ်ခြင်းဖြင့် ကျေးလက်ဒေသများတွင် လျှပ်စစ်မီးရရှိမည်

Myanmar Times, 3 March 2019

ပင်မဓာတ်အားလိုင်းနှင့်အလှမ်းကွာဝေးသောကျေးလက်ဒေသများတွင် ဓာတ်အားရင်းမြစ်များအား ပြန်လည်ဆန်းသစ်ခြင်းမှတဆင့် လျှပ်စစ်မီးရရှိတော့မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့သည်။



ထိုဒေသများသည် လူဦးရေနည်းပါးပြီး လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ပင်မလိုင်းမှဆွဲပြီး စီးပွားရေးအတွက် အသုံးပြုခြင်းမရှိသောကြောင့် အစိုးရအနေဖြင့် ထိုနေရာဒေသများကို ဓာတ်အားပြန်လည်ဆန်းသစ်ခြင်းမှတဆင့် လျှပ်စစ်မီးပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အစိုးရသည် ၂၀၁၉ ခုနှစ်ကုန်တွင် နိုင်ငံ၏ ၅၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိစေရန်ဖြန့်ဖြူးပေးဖို့ရည်ရွယ်ထားပြီး ၂၀၃၀ ခုနှစ်တွင် တနိုင်ငံလုံးလျှပ်စစ်မီးရရှိစေရန်လည်း ရည်ရွယ်ထားသည်။

မြန်မာနိုင်ငံ၏လက်ရှိလျှပ်စစ်လည်ပတ်မှုသည် ၃၅၀၀ မီဂါဝပ်ရှိပြီး လျှပ်စစ်ဓာတ်အားအသုံးပြုမှုသည် နှစ်စဉ် ၁၅ ရာခိုင်နှုန်းထိ တိုးတက်ကောင်းမွန်လာသည်။မြန်မာ့လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် ၂၀၁၈- ၂၀၁၉ တွင် နောက်ထပ် ၃၉၄ မီဂါဝပ်၊ ၂၀၁၉- ၂၀ တွင် ၄၅၀ မီဂါဝပ် နှင့် ၂၀၂၀- ၂၁ တွင် ၁၇၁၂ မီဂါဝပ် လည်ပတ်နိုင်ရန် စီစဉ်နေသည်။

အစောပိုင်းအစီရင်ခံစာများအရ အစိုးရသည် ၂၀၂၁ ခုနှစ်တွင် ဓာတ်အားပြန်လည်ဆန်းသစ်သည့်ရင်းမြစ်များမှတဆင့် လျှပ်စစ်မီး ၈ ရာခိုင်နှုန်းနှင့် ဆိုလာနှင့်လေစွမ်းအင်များမှတဆင့် ၂၀၂၅ ခုနှစ်တွင် ၁၂ ရာခိုင်နှုန်း လည်ပတ်နိုင်ရန် ရည်ရွယ်ထားသည်။

ဧရာဝတီတိုင်း ချောင်းသာ၌လည်း ၃၀ မီဂါဝပ်ရှိ နိုင်ငံ၏ ပထမဆုံးသော လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ထောင်ရန် တရုတ်၏ Three Gorges ကော်ပိုရေးရှင်းနှင့် သဘောတူလက်မှတ်ရေးထိုးထားပြီဖြစ်သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏အဆိုအရ လေစွမ်အင်သုံးစက်ရုံများကို ချင်း၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း၊ ကယားနှင့်တနင်္သာရီတိုင်း၊ မွန်နှင့် ကရင်ပြည်နယ်တို့တွင် တည်ထောင်ရန် အလားအလာရှိကြောင်း သိရသည်။

https://www.mmtimes.com/news/rural-areas-receive-electricity-powered-renewable-sources-minister.html

## လူထုကျန်းမာရေးကျွမ်းကျင်သူများမှ ငါးနှစ်ဗျူဟာစီမံကိန်း စတင်

Myanmar Times, 4 March 2019

မြန်မာ့ကျန်းမာရေးကူညီမှုအသင်းသည် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍနှင့် မြန်မာပြည်သူများ၏ အထွေထွေကျန်းမာရေး တိုးတက်ကောင်းမွန်စေရန်အတွက် ၅ နှစ်စီမံကိန်းကို တနင်္ဂနွေနေ့တွင် စတင်ခဲ့ကြောင်း အသင်း၏ ဥက္ကဌက ပြောပြခဲ့သည်။



"ဒါက အသင်းရဲ့ပထမဆုံးဗျူဟာစီမံကိန်းပါ။ ကျွမ်းကျင်သူတွေဆီက တန်ဖိုးရှိတဲ့အကြံပြုချက်တွေကို ကျွန်တော်တို့ စုစည်းနေပါတယ် "ဟု အသင်း၏ ဥက္ကဋ္ဌ ဦးမျိုးသွင်ကပြောခဲ့သည်။

စီမံကိန်းအောက်တွင် အသင်း၏ ဝန်ထမ်း ၄၇၈ ဦးသည် ကချင်၊ ကရင်၊ ရှမ်း၊ ရခိုင်၊ ချင်း၊ စကိုင်း၊ မန္တလေး၊ မကွေးနှင့် ရန်ကုန်စသည်ဖြင့် ပြည်နယ်နှင့်တိုင်းများရှိ မြို့နယ် ၇၆ ခုတွင် လူထုကျန်းမာရေးစီမံကိန်း ၁၂ ခု ကို အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။

စီမံကိန်းတွင် ကူးစက်ရောဂါထိန်းချုပ်ရေး၊ မျိုးပွားခြင်း၊ မိခင်နှင့်ကလေး၊ မွေးကင်းစကလေး၊ ကလေးသူငယ်နှင့်ဆယ်ကျော်သက်ကျန်းမာရေးနှင့် အဟာရစသည်တို့ ပါဝင်သည်။

အသင်းသည် ရောက်ရှိရန်အလှမ်းဝေးသည့်ဒေသများအပါအဝင် စစ်မက်ဖြစ်ပွားနေသည့်နေရာများ၊ မြို့ပြဆင်းရဲသားရပ်ကွက်နှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးစနစ်နှင့်အရေးပေါ်တုန့်ပြန်မှုများကို စမ်းသပ်လုပ်ဆောင်သွားမည်ဖြစ်သည်။ ကိုယ်တိုင်ရပ်တည်နိုင်စွမ်းနည်းပါးသည့် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ဆယ်ကျော်သက်များ၊ ရွှေ့ပြောင်းအလုပ်သမားများ၊ သက်ကြီးရွယ်အိုများနှင့် တိုင်းရင်းသားများအား ပစ်မှတ်ထားဆောင်ရွက်ပေးမည်ဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် အဖွဲ့သည် နိုင်ငံတဝန်းရှိ မြို့နယ် ၃၀၇ မြို့နယ်တွင် အဖွဲ့ဝင်ခန့်မှန်းခြေ ၅၃၆၅ ဖြင့် ရုံးခွဲများ ဖွင့်လှစ်သွားမည်ဖြစ်သည်။

https://www.mmtimes.com/news/public-health-professionals-launch-five-year-strategic-plan.html

## လယ်သမားများမှ ငွေကြေးထောက်ပံ့ငွေကျပ် ၆၀၀ ဘီလီယံ ရရှိမည်

Myanmar Times, 3 March 2019

မြန်မာနိုင်ငံသမဝါယမအဖွဲ့သည် ယခုနှစ်ဆောင်းရာသီနှင့် နွေရာသီစပါးရိတ်သိမ်းရန်အတွက် ချေးငွေအဖြစ် ငွေကျပ် ၆၀၀ ဘီလီယံကို လယ်သမားများထံ ချေးပေးမည်ဖြစ်သည်။



ချေးငွေကို သမဝါယမအဖွဲ့ဝင်လယ်သမားများထံ တစ်နှစ်လျှင် နှစ်ကြိမ်ချေးပေးသည်။ယခုနှစ်အတိုးနှုန်းမှာ ယခင်နှစ်ကထက် ပိုများပြီး တစ်လလျှင် ၁□၁၅ ရာခိုင်နှုန်းပေးရသည်။ ငွေလဲလှယ်သည့်ငွေကြေးနှုန်းနှင့်အညီအတိုးနှုန်းကို တိုးထားသည်။ သို့သော်လည်း လက်ရှိနှုန်းများမှာ နည်းပါးနေသေးသော်လည်း ချေးငှားသူအများစုမှာ ထိုချေးငွေကိုပြန်လည်ဆပ်ရန်အတွက် ချေးငှားသူများမှာ အခက်အခဲမရှိပေ။

ချေးငွေကို စိုက်ပျိုးဆက်စပ်စွည်းများနှင့် နည်းပညာများတွင် ဖြစ်စေ၊ ကောက်ပဲသီးနှံအထွက်ကောင်းစေရန်အတွက် ပိုကောင်းသည့် မျိုးစေ့များတွင်ဖြစ်စေ လွှမ်းခြုံအသုံးပြုနိုင်ရန် မျှော်မှန်းထားသည်။

လယ်သမားများသည် ချေးငွေကို ဇွန်လကုန်တွင် ပြန်လည်ပေးရမည်ဖြစ်သည်။ ယင်းနောက် ချေးငွေများကို လယ်သမားများအသစ်များထံ ချဲ့တွင်ချေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ မြို့နယ် ၃၀၇ ခု၌ သမဝါယမအဖွဲ့ ၄၆၀၀ ရှိသည်။ အဖွဲ့တစ်ခုစီတွင် အနည်းဆုံး ၅ ဦး ပါဝင်သည်။

https://www.mmtimes.com/news/farmers-receive-k600-billion-funds.html-0

## နိုင်ငံခြားတွင် လုပ်ကိုင်နိုင်သည့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှုသင်တန်းများ ဖွင့်မည်

Myanmar Times, 5 March 2019

နိုင်ငံခြားတွင်ပါ သွားရောက်အလုပ်လိုပ်ကိုင်နိုင်သော လက်မှတ်ရရှိမည့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှောက်မှု Elderly Care Assistances သင်တန်းတစ်ခုကို ယခုလတွင် စတင်ဖွင့်လှစ်မည်ဖြစ်သကဲ့သို့ ဆက်လက်ပြီးလည်းဖွင့်လှစ် သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောသည်။

လောလောဆယ်တွင် ကနဦးအနေဖြင့် Poster Guigo Service ကုမ္ပဏီနှင့် ဂျပန်နိုင်ငံရှိ သက်ကြီးရွယ်အိုကျန်းမာ ရေး စောင့်ရှောက်

မှုသင်တန်းကျောင်း၏ အကူအညီဖြင့် Elderly Care Assistances ခြောက်လသင်တန်းကို မတ်ဂုရက်နေ့ တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

"နောက် ပြင်ပကနေလာပြီး ဖွင့်ချင်တဲ့သူတွေလည်းအများကြီးရှိပါတယ်။ ဒါတွေဆက်လုပ် ပါမယ်။ အောင်လာမယ့်သူတွေကို လက်မှတ်ပေးပါမယ်။ သူတို့သည် နိုင်ငံခြားမှာလည်း သွားရောက်အလုပ်လုပ်လို့ရပါတယ်" ဟု မတ်ဒရက်နေ့ကကျင်းပသော ပြည်သူ့လွှတ်တော်တွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။

သက်ကြီးရွယ်အို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းသည် မြန်မာနိုင်ငံတွင်သာမက နိုင်ငံတကာတွင်ပါ လိုအပ်ချက် ကြီးမားလာသောကြောင့် အဆိုပါသင်တန်းများကို တက်ရောက်လိုသူများလည်း များစွာရှိနေသည်။

လက်ရှိတွင် ပုဂ္ဂလိကမှ အကူသူနာပြုသင်တန်းများဖွင့်လှစ်လျက်ရှိပြီး ၎င်းတို့ကိုတရားဝင်ခွင့်ပြုထားခြင်းမဟုတ်သော်လည်း စနစ်တကျမွေးထုတ်လာစေရန်အတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးကပြောသည်။ လာမယ့်နှစ်ပတ်အတွင်း အားလုံးပါဝင်သော ဆွေးနွေးပွဲများကျင်းပသွားမည်ဟုဆိုသည်။သို့သော်လည်း အထက်ပါ ပုဂ္ဂလိကအကူသူနာပြုသင်တန်းကျောင်းများနှင့် သက်ကြီးရွယ်အိုကျန်းမာရေးစောင့်ရှော က်မှု သင်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ အသိအမှတ်ပြုသင်တန်းဆင်းလက်မှတ်များ ထုတ်ပေးခြင်းများသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ National Skill and Standard Authority ကသာ ဆောင်ရွ က်ခြင်းဖြစ်ကြောင်း ဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

https://www.mmtimes.com/news/govt-open-elderly-care-training-course.html

## ဧရာဝတီရှိ ငါးခူမွေးမြူရေးစီမံကိန်းမှ နှစ်စဉ် ဒေါ်လာ ၁၅၀ ရရှိမည်

Eleven Myanmar, 5 March 2019

ငါးခူမွေးမြူရေးစီမံကိန်းသည် ဧရာဝတီတိုင်း၊ ပန်းတနော်မြို့နယ်ရှိ မြေဧက ၉၀၀ ပေါ်တွင် တည်ရှိပြီး ငွေကျပ် ၂၀၀ ဘီလီယံဖြင့်စတင်မည်ဖြစ်ပြီး စီမံကိန်းတွင် တစ်နှစ်လျှင်ငွေကျပ် ယူအက်စ်ဒေါ်လာ ၁၅၀ သန်း ရရှိရန် မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့အစည်းမှ ဥက္ကဋ္ဌဖြစ်သူဦးဌေးမြင့်က ပြောသည်။

ကျွန်တော်တို့က ဧက ၉၀၀ မြေပေါ်မှာ စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကနဦးရင်းနှီးမြှုပ်နှံငွေကျပ် ၂၀၀ ဘီလီယံနဲ့စတင်လုပ်ဆောင်ဖို့ စီစဉ်ထားပါတယ်။ ပြည်ပတင်ပို့ဖို့အတွက် တစ်နှစ်မှာ ယူအက်စ်ဒေါ်လာ သန်း ၁၅၀ ရရှိအောင် ငါး ၁၅၀၀၀၀ မွေးမြူမှာပါ။အခုကျွန်တော်တို့ ၆၀ ရာခိုင်နှုန်းလောက် ရွေးထားပါပြီ၊ နိုင်ငံတကာကို ယှဉ်ပြိုင်နိုင်အောင် ကျွန်တော်တို့ ကြိုးစားနေပါတယ် ဟု ၎င်းက ပြောခဲ့သည်။

စီမံကိန်းကို မြန်မာနိုင်ငံငါးဖမ်းအဖွဲ့မှ တည်ထောင်ထားသည့် global Earth Public ကုမ္ပဏီလိမိတက်မှ အကောင်အထည်ဖော်မည်ဖြစ်သည်။ ယခုအခါ ငါးမွေးမြူရေးခြံများနှင့် အဆောက်အဦးများကို ဆောက်လုပ်နေပြီဖြစ်သည်။

အားလုံးဆောက်လုပ်ပြီးစီးဖို့ ရှစ်လကျော်လောက် ကြာပါမယ်။ ဒီနှစ်ထဲ ပြီးမယ်လို့တော့ ကျွန်တော်ထင်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ထုတ်ကုန်တွေကိုတော့ နောင်နှစ်ထဲမှာပဲ ပြုလုပ်နိုင်မှာပါ။ ဈေးကွက်အရောင်းမြှင့်တင်ရေးတွေ ပြုလုပ်ဖို့လည်း ကျွန်တော်တို့ စီစဉ်နေပါတယ် ဟု အဖွဲ့၏ ဒုဥက္ကဋ္ဌ တိုးနန္ဒတင်က ပြောခဲ့သည်။

စီမံကိန်းတွင် သားဖောက်ခြင်း၊ ငါးမွေးမြူရေးခြံ ၊ တိရစ္ဆာန်အစာစက်ရုံ၊ အအေးသိုလှောင်စက်ရုံနှင့် ဝန်ထမ်းအိမ်ရာများ စသည်တို့ပါဝင်သည်။ global Earth Public ကုမ္ပဏီလိမိတက်သည် စီမံကိန်းအကောင်အထည်ပေါ်လာသောအခါ ဆိုင်ရာအဖွဲ့အစည်းများကို ဖိတ်ခေါ်သွားမည်ဖြစ်သည်။

https://elevenmyanmar.com/news/ayeyawady-catfish-farming-project-to-earn-150-m-yearly

## မသန်စွမ်းသူများအတွင် သင်ကြားရေးအလုပ် ၄၀၀၀ ကျော် ရရှိစေရန် ကြိုးပမ်းမည်

Myanmar Times, 6 March 2019

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်သည် အစိုးရအား သင်ကြားရေးဆိုင်ရာအလုပ်အကိုင် ၄၀၀၀ ကျော်ကို မသန်စွမ်းသူများအတွက် ကူညီရှာဖွေပေးရန် တောင်းဆိုခဲ့သည်။

ဗုဒ္ဓဟူးနေ့တွင် ကျင်းပသည့် မသန်စွမ်းသူများအတွက် အလုပ်အကိုင်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဦးသိန်းလွင်မှ ကျွန်တော်တို့က မသန်စွမ်းသူတွေအတွက် ပုဂ္ဂလိကပိုင်းတွေမှာ အလုပ်ရရှိဖို့အတွက် ကိုယ်စားပြုဆောင်ရွက်ပေးနေပါတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့အများပြည်သူကဏ္ဍတွေမှာလည်း တန်းတူပါဝင်သင့်ပါတယ်။ မသန်စွမ်းသူတွေက ဘဝမှာ စိန်ခေါ်မှုအခက်အခဲများစွာရင်ဆိုင်ကြုံတွေ့နေရပါတယ်၊ ဒါပေမယ့် စာသင်ပြပေးနိုင်တဲ့သူအများအပြားလည်းရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒီစာသင်ပေးနိုင်တဲ့ မသန်စွမ်းတွေအတွက် သင်ကြားရေးပိုင်းဆိုင်ရာအလုပ်အကိုင် ၄၀၀၀ ကို ရှာဖွေကူညီပေးဖို့ အစိုးရကို တောင်းဆိုပါတယ် ဟု ၎င်းက ပြောခဲ့သည်။

လဝကမှ အမြဲတမ်းအတွင်းဝန်ဦးမျိုးအောင်က ၎င်းတို့အနေဖြင့် မသန်စွမ်းသူများနှင့်ကိုက်ညီနိုင်မှုရှိမည့်အလုပ်များကို ရရှိအောင် ကြိုးစားပေးနေကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် မသန်စွမ်းသူများအခွင့်အရေးဥပဒေအရ မသန်စွမ်းသူများကို ခန့်ထားသည့် ကုမ္ပဏီများကို အခွန်လျော့ပေါ့ပေးမည်ဟု ၍ မက်လုံးပေးထားသည်၊ မသန်စွမ်းသူများအား မခန့်ထားသည့် ကုမ္ပဏီများသည် မသန်စွမ်းများကို ကူညီမှုပြုရန်အတွက် ငွေကြေးအကူအညီထည့်ဝင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် ၂၀၁၁ ခုနှစ်တွင် မသန်စွမ်းသူများနှင့်ပတ်သက်၍ ကုလသမဂ္ဂညီလာခံတွင် လက်မှတ်ရေးထိုးခဲ့သည်၊ ၂၀၁၆ ခုနှစ်တွင် မသန်စွမ်းသူများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၀ နှစ်စာ အမျိုးသားမဟာဗျူဟာကို ချပြခဲ့သည်။

https://www.mmtimes.com/news/organisation-seeks-4000-teaching-jobs-disabled.html

**ပြည်ပလေကြောင်းလိုင်းများ ဝင်မလာနိုင်သေးသည့် ပြည်တွင်းဈေးကွက်**

Myanmar Times, 7 March 2019

ပြည်တွင်းလေကြောင်း ပြေးဆွဲမှုတွင် နိုင်ငံခြားလေကြောင်းလိုင်းကုမ္ပဏီများကို ဝင်ရောက်ခွင့်မပေးခြင်းသည် တရားမျှတသော ယှဉ်ပြိုင်မှုမဟုတ်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မီဒီယာများကို ယခုရက်ပိုင်းအတွင်း ပြောကြားခဲ့သည်။




"တိုးတက်ချင်ရင်တော့ တရားသော ယှဉ်ပြိုင်မှုနည်းနဲ့ဆို ဘာမဆို ယှဉ်ပြိုင်ရဲရမယ်။ နိုင်ငံသားပဲ ပျံရမယ်၊ နိုင်ငံခြားသားတွေ ဝင်မပျံဘူး ဆိုတော့ နိုင်ငံသားပိုင် လေယာဉ်ပျံတွေ သင့်တင်မျှတတဲ့ ဈေးဖြစ်ရဲ့ လား"ဟု ၎င်းက ပြောသည်။

ပြည်တွင်းလေကြောင်းလိုင်းများတွင် လက်မှတ်ခကြီးမြင့်ခြင်းကြောင့် ခရီးသွားလုပ်ငန်းအပေါ် သက်ရောက်မှုရှိနေသည့်အပေါ် ဝန်ကြီးက ယခုကဲ့သို့ မှတ်ချက်ပေးခြင်းဖြစ်ပြီး တရားမျှတသော ယှဉ်ပြိုင်မှုမရှိသဖြင့် လက်မှတ်ခများ ဈေးကြီးနေခြင်း ဖြစ်သည်ဟုလည်း ဆိုသည်။

လေယာဉ်ကုမ္ပဏီတစ်ခုအတွက် မြေပြင်လုပ်သားဦးရေ ၅၀၀ ခန့်လို အပ်ပြီး နိုင်ငံတကာတွင် လေကြောင်းလိုင်းများ ပူးပေါင်းပျံသန်း ပြေးဆွဲနေချိန်တွင် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်များက ကိုယ်ပိုင်သီးသန့် လုပ်ကိုင်နေခြင်းကြောင့် မလိုအပ်သည့် ကုန်ကျစရိတ်များ မြင့်တက်စေသည်ဟုလည်းခရီးသွားလုပ်ငန်း လုပ်ကိုင်သူများက ထောက်ပြပြောဆိုကြသည်။

ထိုကုန်ကျစရိတ်များ လျှော့ချရန်နှင့် ပြည်တွင်းလေကြောင်းကဏ္ဍတွင် ရေရှည်ရပ်တည်ရန် လေကြောင်းလိုင်းများ အကျိုးတူ ပူးပေါင်းပြေးဆွဲသင့်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးက ပြောဆိုထားဖူးသည်။

ဖက်စပ်လုပ်ကိုင်မှုနှင့် ပတ်သက်၍မူ ပြည်ပလေကြောင်းလိုင်းများကို ပြည်တွင်းကုမ္ပဏီနှင့် အကျိုးတူ ပူးပေါင်း၍ ပြေးဆွဲခွင့်ပြုထားသည်ဟု ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဘက်က ပြောဆိုသည်။

အကျိုးတူ ဖက်စပ်ပူးပေါင်းရန် နိုင်ငံတကာ လေကြောင်းလိုင်းများမှ ကြိုးစားမှုများ ရှိခဲ့သော်လည်း လက်ရှိအချိန်ထိ ပူးပေါင်းပြေးဆွဲမှုများ ရှိမလာသေးပေ။ ဂျပန်အခြေစိုက် ANA လေကြောင်းလိုင်းက ရွှေသံလွင် ကုမ္ပဏီအုပ်စုပိုင်Goden Sky World ကုမ္ပဏီနှင့် ပူးပေါင်း၍ ပြည်တွင်းပြေးဆွဲရန် ၂၀၁၆ ခုနှစ်က ကြိုးစားခဲ့သကဲ့သို့ မလေးရှားအခြေစိုက်Air Asiaလေကြောင်း လိုင်းကလည်း အမည်မဖော်လိုသော မြန်မာကုမ္ပဏီတစ်ခုနှင့် ပူးပေါင်းပြေးဆွဲရန် ကြိုးစားမှုများရှိခဲ့သည်။ သို့သော် လက်ရှိအချိန် ထိ အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။

https://www.mmtimes.com/news/domestic-airlines-need-mergers-partnerships-sustain.html

**အစားအစာထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလိုအပ်နေ**

Myanmar Times, 11 March 2019

နောက်ထပ်ဖွံ့ဖြိုးမှုများပြုလုပ်ရန်အတွက် မြန်မာနိုင်ငံ၏ အစားအစာထုတ်လုပ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုအကူအညီများ ပိုမိုလိုအပ်လျှက်ရှိကြောင်း မြန်မာနိုင်ငံ အစားအစာထုတ်လုပ်မှုနှင့်တင်ပို့သူများအဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ဦးအေးဝင်းက မြန်မာတိုင်းမ်သို့ ပြောခဲ့သည်။

လက်ရှိ၌ မြန်မာသည် ဆန်၊ ပဲ ၊ ပြောင်း နှင့် အခြားသောစိုက်ပျိုးရေးထုတ်ကုန်များကဲ့သို့ အခြေခံကုန်ကြမ်းများကို ထုတ်လုပ်သည်။ ပိုသည့်ထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချသည်။ သို့သော်လည်း နိုင်ငံတွင်းသို့ အဆင်သင့်စားပစ္စည်းများနှင့် နို့ထွက်ပစ္စည်းများကိုလည်း တင်သွင်းကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် တန်ဖိုးမြင့်သည့်အစားအစာထုတ်ကုန်များထုတ်လုပ်မှုအပေါ် ပစ်မှတ်ထားတိုးမြှင့်ဆောင်ရွက်သင့်သည်၊ ထိုတန်ဖိုးမြင့်အစားအစာအတွက် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုနှစ်ခုစလုံးမှ ငွေကြေးထောက်ပံ့မှုလိုအပ်ကြောင်း ဦးအေးဝင်းက ပြောခဲ့သည်။

၂၀၁၇ ခုနှစ်၌ မြန်မာနိုင်ငံ အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး

ဌာန၏ ကွင်းဆင်းစစ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံရှိ ထိုစီးပွားရေးလုပ်ငန်းအများစုသည် အစားအစာထုတ်လုပ်မှုကဏ္ဍများတွင် ပါဝင်နေကြောင်း တွေ့ရသည်။

လက်ရှိတွင် နိုင်ငံပိုင်မြန်မာ့စီးပွားရေးဘဏ်သည် ထိုစီးပွားရေးလုပ်ငန်းများကို ငွေကြေးချေးပေးထားသည်။

လူဦးရေအတိုင်းအတာများပြားမှုကြောင့် ဂျပန်ရင်းနှီးမြှုပ်နှံသူများအတွင်း မြန်မာနိုင်ငံအစားအစာလုပ်ငန်းတွင် စိတ်ဝင်စားမှု မြင့်တက်လျှက်ရှိသည်။ မြန်မာနိုင်ငံသည် လက်ရှိတွင် လူဦးရေ ၅၂ သန်းကျော်ရှိသည်။

တရားမဝင်တင်သွင်းမှုများကို တင်းတင်းကြပ်ကြပ်ထိန်းချုပ်ရန်နှင့် အရည်အသွေးတိုးမြှင့်အောင်လုပ်ဆောင်ရမည်ဖြစ်သည်။ အစိုးရသည် ထိုသို့တရားမဝင်တင်သွင်းမှုများကို အရေးယူသင့်သည်။

https://www.mmtimes.com/news/more-investments-needed-expansion-food-processing-industry.html

## တရားဥပဒေနှင့်အုပ်ချုပ်မှု

### အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ မကြာမီ ထုတ်ပြန်မည်

Mizzima, 9 March 2019



ပြည်ထောင်စုအစိုးရသည် ၂၀၃၀ မဟာဗျူဟာနှင့်မာစတာစီမံကိန်းဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒကို များမကြာမီ ထုတ်ပြန်နိုင်တော့မည်ဖြစ်ကြောင်းနိုင်ငံတော်အဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ရာသီဥတုပြောင်းလဲမှုဗဟိုကော်မတီဒုဥက္ကဌ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် လူမှုစီးပွားဖွံ့ဖြိုးရန်အတွက် နိုင်ငံ၏သဘာဝသံယံဇာတများအပေါ် အမှီပြုနေစဉ်တွင် နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်နှင့် ငါးဖမ်းလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အမှီပြုနေရသည့် နိုင်ငံ၏ကျွန်းဆွယ်ဒေသများနှင့် မိုးနည်းရေရှားဇုံများရှိ ရာသီဥတုအပြောင်းအလဲကြောင့်ထိခိုက်မှုများကို တွန်းလှန်ရန်အတွက် နည်းဗျူဟာတစ်ခုလိုအပ်သည်။

အမျိုးသားပတ်ဝန်းကျင်မူဝါဒသည် ရေရှည်ဖွံ့ဖြိုးမှု၊ သာယာဝပြောမှုနှင့် ရာသီဥတုအပြောင်းအလဲအား ရင်ဆိုင်နိုင်ပြီး လက်ရှိနှင့်နောင်မျိုးဆက်များဘဝသာယာစိုပြေစေရန်အတွက် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို လျော့ချပေးနိုင်ရန်ဖြစ်သည်။

http://mizzima.com/article/national-environmental-policy-be-revealed-soon

### ဗိုလ်မှူးများပါဝင်သည့် နိုင်ငံရေးပါတီသစ်ကို ဦးသန်းရွှေ တည်ထောင်

Myanmar Times, 4 March 2019




ဦးသန်းရွှေ ယုံကြည်စိတ်ချရဆုံးသော တပ်မတော်အထက်ပိုင်းအရာရှိများနှင့်ဖွဲ့စည်းထားသည့် နိုင်ငံရေးပါတီသစ်ကို စာရင်းသွင်းခဲ့ကြောင်း သိရသည်။

အမျိုးသားနိုင်ငံရေးဆိုင်ရာဒီမိုကရက်တစ်ပါတီ(DNP) ကို ဦးသိန်းစိန်အရလက်ထက်၌ သမ္မတရုံးဝန်ကြီးဖြစ်သူဦးစိုးမောင်က ဦးဆောင်ပြီး ၎င်းသည် တပ်မတော်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိခဲ့သူဖြစ်သည်။ ၎င်းသည် ဦးသန်းရွှေအစိုးရလက်ထက်တွင် ရှေ့နေတရားသူကြီးချုပ်ဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ယုံကြည်စိတ်ချရဆုံးသူတစ်ဦးဖြစ်သည်။

၎င်းသည် ၂၀၁၀ ခုနှစ်တွင် မကွေးတိုင်း၊ ရေစကြိုမြို့နယ် မဲဆန္ဒနယ်မြေတွင် အနိုင်ရရှိခဲ့သော်လည်း ၂၀၁၅ ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ကို ရှုံးနိမ့်ခဲ့သည်။

အမျိုးသားနိုင်ငံရေးဆိုင်ရာဒီမိုကရက်တစ်ပါတီတွင် ယခင်သမ္မတဦးမောင်မောင်၏သား ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဟောင်းဖြစ်သူ ဦးကျော်သူနှင့် မွန်ပြည်နယ်တွင် စားသောက်ဆိုင်ဖွင့်လှစ်နေသူ ယဋ္ဌပြည်ထောင်စုစာရင်းစစ်ချုပ်ဦးလွန်းမောင်ပါဝင်သည်။

ပါတီသည် နေပြည်တော်တွင် အခြေစိုက်မည်ဖြစ်သည်။ ပါတီသစ်၏အမည်၊ အလံနှင့် တံဆိပ်ကို နိုင်ငံပိုင်သတင်းစာတွင် စနေနေ့၌ ကြေငြာခဲ့သည်။

https://www.mmtimes.com/news/shwe-confidant-launches-new-political-party-generals.html

## တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာလဲ့လဲ့မော်နှင့် ကုမ္ပဏီအရာရှိများကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

The Global New Light of Myanmar, 11 March 2019

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာလဲ့လဲ့မော်အပေါ် အဂတိလိုက်စားမှုများ ကျူးလွန်ကြောင်း တိုင်ကြားစာများနှင့်စပ်လျဉ်း၍ ကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးခဲ့သည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖေဖော်ဝါရီလ ၄ ရက်မှ ၆ ရက်အထိ နေပြည်တော်၊ ရန်ကုန်နှင့် ထားဝယ်မြို့နယ်များတွင် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။



စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးဖော်ထုတ်ချက်များအရ ၂၀၁၆ ခုနှစ် ဧပြီလတွင် မဟာသင်္ကြန်ပွဲတော်ဗဟိုမဏ္ဍပ်တည်ဆောက်ရေးလုပ်ငန်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ထားဝယ်တက္ကသိုလ်ဝင်းအတွင်း ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်း၊ ထားဝယ်လေယာဉ်ကွင်း အပြင်ဘက် ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ထိုက်သင့်သည့် တန်ဖိုးမပေးဘဲ F-22 Sunny Construction Co. Ltd သို့ တာဝန်ပေးဆောင်ရွက်စေခဲ့ပြီး မကြာမီ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် တင်ဒါခေါ်ယူခြင်း၊ အစိုးရအဖွဲ့အစည်းအဝေး၌ အတည်ပြုဆုံးဖြတ်ခြင်းတို့မရှိဘဲ ထားဝယ်လေယာဉ်ကွင်းအတွင်း ချုံနွယ်ရှင်းလင်းခြင်းလုပ်ငန်းတစ်ခုတည်းကို ခွင့်ပြုငွေကျပ်သိန်း ၄၀၀၀ ဖြင့် ဝန်ကြီးချုပ်ရာထူး၏ တာဝန်ကို အလွဲသုံးစားပြု၍ F-22 Sunny Construction Co. Ltd သို့ တိုက်ရိုက်ခွင့်ပြုဆောင်ရွက်စေခြင်းသည် တံစိုးလက်ဆောင်ကို အဖွဲ့အစည်းအတွက် ရယူခြင်းဖြစ်ကြောင်းနှင့် တွက်ချက်မှုအရ နိုင်ငံတော်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးရကြောင်း၊ဝန်ကြီးချုပ်ဒေါက်တာလဲ့လဲ့မော်သည် ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းများ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိဘဲ လမ်းဦးစီးဌာနသို့ တစ်လုံးတစ်ခဲတည်းငွေကျပ် ၁ ဒသမ ၉ ဘီလီယံခန့် ထုတ်ယူရန် အခွင့်အရေးပေးအပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလခန့်တွင် တိုင်းဒေသကြီးလမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးအားသူ၏ခင်ပွန်းဦးထွန်းမင်းက ဦးမြင့်ဟိုအမည်ဖြင့် ဝယ်ယူထားသော ထားဝယ်မြို့ ဆေးရုံးလမ်းနှင့် ဂေါ်သဇင်လမ်းထောင့်ရှိ အိမ်အမှတ်( ၁၀၆၈) နှင့် ( ၁၀၇၀) မြေကွက်နှစ်ကွက်ကို အုတ်ခြံစည်းရိုး ကာရံပေးရန် စေခိုင်းခဲ့ရာ ငွေကျပ်သိန်း ၁၄၀ ကျော်ကုန်ကျခဲ့ပြီး သူ့အားစုံစမ်းစစ်ဆေးသည့်အခါမှ ယင်းငွေကို ပြန်လည်ပေးချေကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ထိုက်သင့်သည့် တန်ဖိုးပေးချေခြင်းမရှိဘဲ အုတ်ခြံစည်းရိုးကာရံပေးစေခြင်းဖြင့် တံစိုးလက်ဆောင်အဖြစ်ရယူခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် ၎င်း၏မိသားစုပိုင်ဆိုင်သည့် သရက်ချောင်းမြို့နယ် မြို့မရပ် မြိတ်- ထားဝယ် ကားလမ်း၊အိမ်အမှတ်( ၆) ရှိ နှစ်ထပ်နေအိမ်နှင့် ဝိုင်းမြေကို ကာလတန်ဖိုးငွေကျပ်သိန်း ၃၂၀ ကျော်ခန့်သာ တန်ဖိုးရှိသော်လည်း ငွေကျပ်သိန်း ၂၀၀၀ ဖြင့် GGS ကုမ္ပဏီသို့ ရောင်းချခဲ့ကြောင်း ၊ GGS ကုမ္ပဏီအား သရက်ချောင်း ငါးလေလံဈေးတည်ဆောက်ခြင်း၊ ထားဝယ်ခရိုင်လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ ထားဝယ်မြို့ခြင်းလုံးစက်ရုံ တည်ဆောက်ခြင်း၊ ပုလောမြို့ မြို့တော်ခန်းမ တည်ဆောက်ခြင်း၊ ထားဝယ်နှင့် မြိတ်တွင် ခြောက်ခန်းတွဲ လေးထပ်တန်ဖိုးနည်း အငှားအိမ်ရာလေးလုံးတည်ဆောက်ခြင်း၊ နေပြည်တော်တွင် တန်သာရီတိုင်းဧည့်ရိပ်သာနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုခြင်းဖြင့် အခွင့်အရေးပေးခဲ့ကြောင်း၊ နေအိမ်ကို ဝယ်ယူသူ ဦးသူရအုံသည် GGS ကုမ္ပဏီနှင့် အကျိုးစီးပွားဆက်စပ်ဆောင်ရွက်သူဖြစ်ပြီး ကုမ္ပဏီအထွေထွေမန်နေဂျာဖြစ်ကြောင်း၊ GGS ကုမ္ပဏီမှ တာဝန်ရှိသူများဖြစ်သော ဦးသိန်ထွေး၊ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့သည် အိမ်နှင့်မြေကို ကာလတန်ဖိုးထက် ခြောက်ဆခန့် ပိုသည့်တန်ဖိုးဖြင့် ဈေးပိုပေး၍ ဝယ်ယူခဲ့ပြီး အကျိုးအမြတ်ရရှိမည့်လုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိခဲ့ကြကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ချုပ်ဆိုခဲ့ပြီး လုပ်ကိုင်ခွင့်ပြုသူနေရာတွင် တိုင်းအစိုးရအဖွဲ့ကိုယ်စား အတွင်းရေးမှူးနှင့် လုပ်ကိုင်ခွင့်ရသူနေရာတွင် GGS ကုမ္ပဏီကိုယ်စား ဦးသိန်းထွေးတို့ လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ စာချုပ်ပါစည်းကမ်းချက်များအတိုင်း အကောင်အထည်ဖော်ရေး ကြီးကြပ်ရန် ပျက်ကွက်သဖြင့် စည်းမျဉ်းစည်းကမ်း လုပ်

ထုံးလုပ်နည်းများကို ဖောက်ဖျက်ရာရောက်ကြောင်း၊ ၂၀၁၇ ခုနှစ် ဇူလိုင် ၁ ရက်မှစ၍ စစ်ဆေးသည့် အချိန်အထိ သဘာဝဓာတ်ငွေ့ ကျပ်သန်း ၈၀၀၀ ကျော်ကို ပေးချေရန် တာဝန်ရှိသည့် GGS ကုမ္ပဏီဘက်မှ ပေးချေရန် ပျက်ကွက်နေကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ စိုက်ထုတ်ကုန်ကျခံခဲ့ရသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ ထိခိုက်နစ်နာဆုံးရှုံးမှုရှိကြောင်း ပေါ်ပေါက်မှုအပေါ် အဆိုပါ လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သည့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် GGS ကုမ္ပဏီမှ ဦးသိန်းထွေးနှင့် ဦးအောင်မြတ်တို့သည် အဂတိလိုက်စားမှုဖြင့် ငြိစွန်းကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များအရ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရသော်လည်းကောင်း၊ GGS ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသိန်းထွေး၊ ဒါရိုက်တာ ဦးအောင်မြတ်နှင့် ဦးသူရအုံတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း သီးခြားပြစ်မှုများအတွက် သီးခြားစွဲချက်များဖြင့် အမှုလေးမှုခွဲ၍ အရေးယူဆောင်ရွက်ရန် ထားဝယ်မြို့ မြို့မရဲစခန်း၌ယနေ့ရက်စွဲဖြင့် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်ပြီး တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျှက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

http://www.globalnewlightofmyanmar.com/taninthayi-chief-minister-three-company-officials-face-corruption-charges/

## အခြား

### နို့ဖိုး ကရင်ဒုက္ခသည်စခန်း မီးလောင်မှုဖြစ် လူနေအိမ် ၅၀ ကျော်ပျက်စီး

Myanmar Times, 6 March 2019

ထိုင်း-မြန်မာနယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်းတစ်ခုဖြစ်သည့် နို့ဖိုးဒုက္ခသည်စခန်းတွင် ယနေ့ (မတ်လ ၄ နေ့လည်ပိုင်း တွင် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့၍ လူနေအိမ် ၅၀ကျော် မီးလောင်ပျက်စီးခဲ့ပြီး ထိခိုက်မှုရှိသည်ဟု စခန်းနေ ဒုက္ခသည်များ၏ ပြောပြချက်အရ သိရသည်။

ဒုက္ခသည်တစ်ဦးက "ရပ်ကွက် ၁၆ မှာလောင်တာ၊ နေ့လည်လောက် မီးက စလောင်ပြီး မွန်းလွဲ ၂နာရီအထိပေါ့။ လေက ရပ်ကွက်ထဲ ဘက်ကို မတိုက်ပဲနဲ့ လမ်းမကြီးဘက်တိုက်လို့ လမ်းမကြီးဘက်က အိမ်တွေအကုန်ပါသွားတယ်။ ရပ်ကွက် B ဘက်က ၁၂ လုံး။ A ကတော့ ၄၀ ကျော် လောင်သွားတယ်။ ရပ်ကွက်ဘက်က မီးကူးရင်တော့ ဒီထက် ပိုများနိုင် တယ်။ ထိခိုက်မှုတော့ ရှိတယ်လို့ ပြောတယ်"ဟု ကေအိုင်စီသို့ ပြောသည်။

အဆိုပါ မီးလောင်ကျွမ်းမှုမှာ လူနေအိမ်တစ်အိမ်က စတင်လောင်ကျွမ်းခဲ့သည်ဟု သိရသော်လည်း လောင်ကျွမ်းရ သည့် အကြောင်းအရင်းကို အတိအကျ မသိရှိရသေးဘဲ လူသုံးကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအချို့ရှိသလို ကြက်၊ ဝက် စသည့် အိမ်မွေးတိရိစ္ဆာန်များ သေဆုံးမှုသည်ဟု ၎င်းက ဆက်ပြောသည်။

နောက်ဆုံး ရရှိသည့် သတင်းအရ လက်ရှိတွင် လူနေအိမ် ၅၈ လုံး မီးလောင်ကျွမ်းသွားပြီး နေအိမ်မီးထဲပါသွားသည့် ဒုက္ခသည်များကို စခန်းတာဝန်ရှိသူများနှင့် စခန်းလုံခြုံရေးကို တာဝန်ယူနေပေးသည့် ထိုင်းစခန်းလုံခြုံရေးအဖွဲ့များက စာရင်းလိုက် လံပြုစုကာ နေရပ်ချပေးထားမှုများ လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

ယခုလို နွေရာသီရောက်တိုင်း ထိုင်း-မြန်မာနယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်းများတွင် မီးလောင်ကျွမ်းမှု နှစ်စဉ်လိုလို ဖြစ်ပွားခဲ့လျက် ရှိရာ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်နေ့ကလည်း အုန်းဖျန်ဒုက္ခသည်စခန်းတွင် အလားတူ မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေ ၅၆၆လုံးနှင့် မူကြိုကျောင်း ၂ ကျောင်း မီးလောင်ကျွမ်းကာ မီးကူးစက်မည်စိုး၍ အိမ် ခြေ ၅၁၅လုံး ဖျက်ဆီးပစ်ခဲ့ရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သေးသည်။

https://www.mmtimes.com/news/thai-refugee-camp-fire-leaves-over-400-people-homeless.html

### မြန်မာအလုပ်သမားများ နိုင်ငံကူးစာအုပ်အသစ်လဲလှယ်ရန်အတွက် ယာယီစင်တာ ဖွင့်လှစ်မည်

Myanmar Times, 7 March 2019

ထိုင်းနိုင်ငံအစိုးရအဖွဲ့သည် မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံတွင်ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ၎င်းတို့၏နိုင်ငံကူးစာအုပ်

များပြန်လည်လဲလှယ်ရာအဆင်ပြေလွယ်ကူစေရန်အလို့ငှာ စမတ်ပရာကန်ခရိုင်တွင် မြန်မာအလုပ်သမားအချက်အလက်စုဆောင်းရေးယာယီစင်တာကို တည်ထောင်ရန် အင်္ဂါနေ့တွင်သဘောတူညီခဲ့သည်။

မြန်မာအလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်နှစ်မျိုးနစ်စားအား ပြန်လည်လဲလှယ်ပေးရန် အလုပ်သမားဝန်ကြီးဌာနက ရည်မှန်း

ထားသည်။

အလုပ်သမားစာအုပ်လုပ်ဆောင်ပေးရေးစင်တာကို ယခင်ကထိုင်းနိုင်ငံတွင် ရှိခဲ့ပြီး နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ၊ ယာယီ နိုင်ငံကူးလက်မှတ်နှင့် မည်သူမည်ဝါဖြစ်ကြောင်းလက်မှတ်များ ထုတ်ပေးခဲ့သည်။

အလုပ်လုပ်ကိုင်ခွင့်လက်မှတ်ကို အဆင့်ဘီတွင် ခွင့်ပြုပေးခဲ့ပြီး နိုင်နှစ်နိုင်ငံအကြား MoU ဖြင့် လုပ်ဆောင်စေခဲ့သည်။ ၎င်းတို့စာအုပ်များကို လေးနှစ်စာပြီးဆုံးပြီးနောက် စင်တာသစ်တွင် လာရောက်လဲလှယ်နိုင်သည်။

စင်တာသည် ထိုင်းအလုပ်သမားများအတွက်လည်း ဘဝပိုမိုအဆင်ပြေစေရန် ကူညီပေးမည်ဖြစ်သည်။

https://www.mmtimes.com/news/temporary-thai-centre-renew-myanmar-workers-passports.html

## သံလွင်မြစ်ကမ်းဘေး အီတူးထာ့ကျေးရွာ၏ ရေကာတာ ဆန့်ကျင်ရေးနေ့ လူထောင်ချီ တက်ရောက်

Eleven Myanmar, 15 March 2019

ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးအဖွဲ့(KRW)မှ ဦးဆောင်၍ မတ်လ ၁၄ ရက်နေ့တွင် ကျရောက်သည့် အ ပြည်ပြည်ဆိုင်ရာ မြစ်ချောင်းထိန်းသိမ်းရေးနှင့် ရေကာတာ ဆန့်ကျင်ရေးနေ့အခမ်းအနားကို ထိုင်း-မြန်မာနယ်စပ်၊ ဖာပွန်ခရိုင်၊ သံလွင်မြစ်ကမ်းနံဘေးရှိ အီတူးထာ့ကျေးရွာတွင် ပြုလုပ်ခဲ့ရာ □၁□၀၀၀)ခန့် တက်ရောက်လာခဲ့ကြ သည်။



KRW ၏ ပြောခွင့်ရသူ နော်ဆာမူးက “ဒီနေ့ကျတော့ ဒေသခံတွေရဲ့ နေရာကို ပျက်စီးအောင် လုပ်နိုင်တဲ့ရေကာ တာစီမံကိန်းတွေ ပပျောက်ရေးအတွက် တောင်းဆိုတဲ့ပွဲဖြစ်တယ်။ နောက်ပြီး သံလွင်မြစ်ဟာ ကရင်လူမျိုးတွေ အတွက်သာမက အခြားတိုင်းရင်းသားတွေပါ အသက်မွေးဝမ်းကျောင်းပြုကြတဲ့အတွက် ဒီမြစ်ပေါ်မှာ ရေကာတာ မဆောက်လုပ်ဖို့ အရေးကြီးပါတယ်။”ဟု ကေအိုင်စီသို့ ဆိုသည်။

ယမန်နေ့ အခမ်းအနားကို KRW အဖွဲ့ဝင်များ၊ နယ်မြေခံ ကေအဲန်ယူ မူတရော်ခရိုင်မှ တာဝန်ရှိသူများ၊ ကျေးရွာ ၈ ရွာမှ ဒေသခံ ရွာသူရွာသားများ တက်ရောက်ခဲ့ကြပြီး ရေကာတာ ဆန့်ကျင်ရေးပိုစတာများကိုင်ဆောင်ကာ “ရေကာတာအလိုမရှိ၊ သံလွင်မြစ်ကို လွတ်လပ်စွာ စီးဆင်းစေပါ”စသည့် ကြွေးကြော် သံများဖြင့် စတင်ချီတက်ခဲ့ပြီးနောက်နိုင်ငံတကာ မြစ်ချောင်းများထိန်းသိမ်းရေးနှင့် ရေကာတာ ဆန့်ကျင်ရေးနေ့ ဖြစ်ပေါ်လာပုံကို ရှင်းပြ ခြင်း၊ KRW ထုတ်ပြန်ချက်ကို ဖတ်ကြားခြင်းနှင့် ရေကာတာ၏ ဆိုးကျိုးကို ကြုံတွေ့ခဲ့ရသူများမှ အတွေ့အကြုံများ ဖလှယ်ခဲ့ကြသည်ဟု သိရသည်။

ရှမ်းပြည်နယ်၊ ကရင်နီ(ကယား) ပြည်နယ်နှင့် ကရင်ပြည်နယ်အပါအဝင် သံလွင်မြစ်ချောင်းတစ်လျှောက် တွင် ရေကာတာ စီမံကိန်း ၁၄ ခု တည်ဆောက်ရန် လျာထားပြီး ကရင်ပြည်နယ်ထဲတွင် ဝဲကြီး၊ ဒါးကွင်၊ ဟတ်ကြီး ရေကာတာစီမံကိန်းတို့ ပါဝင်သည်။

ကရင်လူထုအခြေပြုအဖွဲ့ □၆□ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် Karen Rivers Watch-KRW (ကရင်မြစ်ချောင်းများကွန်ရ က်)အနေဖြင့် ၂၀၀၂ခုနှစ်မှ စတင်ကာ ကရင်ပြည်နယ် သံလွင်မြစ်ကမ်းနံဘေးတစ်လျှောက်တွင် ရေကာတာ ဆန့်ကျင်ရေးနေ့ကို ကျင်းပလာမှုမှာ ၁၇ ကြိမ်မြောက်ပြီးဖြစ်သည်။

https://elevenmyanmar.com/news/locals-in-thailand-and-myanmar-pray-for-salween-river-to-always-run-free-asianewsnetwork

The content of the UNHCR Thailand Media Monitoring Reports does not reflect the official view or opinion of the UNHCR.

**Links:** Thailand-Myanmar Cross Border Web Portal: www.commonservice.info

Regional funding and funding for Thailand was also received through private donations from Italy, Japan, the Republic of Korea, Spain, Sweden, Thailand, and the United States of America.

UNHCR
The UN Refugee Agency